# MODEL: SH-598F(SHUNHANG GPS FISH COMBO ) အသုံးပြုပုံ



- Power ON/OFF (စက် ဖွင့်/ ပိတ်ပြုလုပ်ရန်)
- ခလုတ် တစ်ချက်နှိပ်လျှင် စက်ပွင့်ပါသည်။ ခလုတ်ကို ၃ စက္ကန့်ခန့် ဖိနှိပ်ထားလျှင် စက်ပိတ်ပါသည်။
- စက်ပွင့်နေစဉ် ၎င်းခလုတ်ကို တစ်ချက်ထပ်နှိပ်လျှင် LCD မျက်နှာပြင် အလင်းချိန်ညှိရန်နှင့် Key ခလုတ်များလင်းချိန်ညှိရန် ◀ ▶ ▼ ▲ ခလုတ်များအသုံးပြု၍ချိန်ညှိနိုင်ပါသည်။
- LCD နှင့် Key အတွက်အလင်းချိန်ညှိပြီးလျှင် Exit ခလုတ်တချက်နှိပ်၍ပြန်ထွက်ပါ။

**EXIT**

- မိမိအသုံးပြုလိုသော function (လုပ်ဆောင်ချက်) များဝင်ရောက်ပြင်ဆင်အတည်ပြုပြီးပါက မူလမျက်နှာပြင်သို့ ပြန်ထွက် / ပြန်သွားရာတွင် Exit ခလုတ်ကို အသုံးပြုသည်။

**ENTER**

- မိမိအသုံးပြုလိုသော Function (လုပ်ဆောင်ချက်)များဝင်ရောက်ရွေးချယ်ပြင်ဆင်ပြီး အတည်ပြုရာတွင်အသုံးပြုသည်။ထပ်ဆင့် Function များဝင်ရောက်ရာတွင်လည်း
- ▶ ခလုတ်နည်းတူ Enter ကိုလည်းအသုံးပြုနိုင်သည်။

**GOTO**

- မိမိ သွားလိုသော Destination (ဦးတည်ရာ) သို့ တိုက်ရိုက်လမ်းကြောင်းဆွဲကြည့်ရာတွင် အသုံးပြုသည်။ မိမိသဘော်မှ WPT ၊ROUTE ၊ MARK ၊ CURSOR (ကာဆာ) တည်နေရာတစ်ခုချင်းဆီသို့ GOTO ဖြင့် လမ်းကြောင်းဆွဲကြည့်နိုင်ပါသည်။

**PAGE**

- Switch different screens(မျက်နှာပြင်ဖော်ပြမှုပုံစံရွေးချယ်ရန်)
- Plotter screen ,Fish Finder screen , Combo screen,COG/SOG Screen စသဖြင့်

  ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုရွေးချယ်ပြီးကြိုက်နှစ်သက် / အသုံးပြုလိုသော Screen ကို ENTER ခလုတ်နှိပ်၍ အသုံးပြုနိုင်ပါသည်။

**MENU**

- စက်နှင့်ပတ်သက်သော Function များအသေးစိပ်ဝင်ရောက်ပြင်ဆင်အသုံးပြုနိုင်သည်။
- MENU ခလုတ်တစ်ချက် နှိပ်လျှင် ၁ မှ ၁၈ အထိ Function များ၊ ထပ်ဆင့် Function များ ကို ◀ ▶ ▼ ▲ ENTER ခလုတ်များအသုံးပြု ၍ ဝင်ရောက်ပြင်ဆင်အသုံး ပြု နိုင်ပါသည်။
- MENU ခလုတ် ကို၃ စက္ကန့် ခန့် ဖိနှိပ် ထားလျှင် Display Pages များဖွင့်/ ပိတ် ပြုလုပ်နိုင်သည်။



* မြေပုံ ပေါ် တွင် Cursor (ကာဆာ) နေရာရွှေ့ရန်နှင့် MENU ထဲတွင် Function များရွေးရန် အသုံးပြုပါသည်။


** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

**CENTER 0**

- မိမိသင်္ဘောကို မျက်နှာပြင်အလယ်ဗဟို တွင်ထားရန်နှင့် cursor (ကာဆာ ) လက်ရှိတည်နေရာသို့ရွှေ့ရန်အသုံးပြုသည်။ ဂဏန်းရိုက်ထည့်ရာတွင် ၀ (သုည) အနေဖြင့်လည်းအသုံးပြုနိုင်သည်။

**MARK 7**

- အမှတ်ရိုက်ရန် ၊ အမှတ်ရွေးချယ်ရန် ၊နံပါတ် (၇)နှင့် PQRS စာများအသုံးပြုရန်
- တချက်နှိပ်လျှင် အမှတ် ( MARK) မှတ်သားပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သောနေရာသို့ရွှေ့၍အမှတ်များမှတ်သားနိုင်သည်။
- MARK ခလုတ်အား (၃)စက္ကန့်ခန့်ဖိနှိပ်ထားလျှင် အမှတ်သင်္ကေတရွေး ချယ်ခြင်း၊ အမှတ်အရောင်ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

**CURSOR 8**

- ကာဆာ (+)ဖွင့် / ပိတ် ၊ နံပါတ် (၈) ၊ TUV စာများအသုံးပြုရန်
- CURSOR ခလုတ်အားတစ်ချက်နှိပ်လျှင်ကာဆာ သင်္ကေတ (+) ဖော်ပြပြီးတစ်ချက်ထပ်နှိပ်လျှင် ၎င်း ကာဆာသင်္ကေတ (+) ပျောက်သည်။
- CURSOR သင်္ကေတ (+) ဖော်ပြထားချိန်တွင် Arrow Key / မြှားသင်္ကေတ ◀ ▶ ▼ ▲ များအသုံးပြုပြီးနေရာရွှေ့ပြောင်း၍ မိမိအသုံးပြု / မှတ်သားလိုသော MARK ( အမှတ် ) WPT (ပေးပို့င့်) နှင့် Route (လမ်းကြောင်း/ Boundary Line) များအသုံးပြုနိုင်သည်။
- တဖန် ၎င်း ကာဆာဖော်ပြထားချိန်တွင် ပင် မိမိအသုံးပြု / မှတ်သားထားသော MARK (အမှတ်) WPT (ပေးပို့င့်) များတခုချင်းစီပြန်လည် Delete (ဖျက်) နိုင်သည်။
- ကာဆာ (+)အသုံးပြု ၍ MARK ( သို့ ) WPT နေရာသို့ ကာဆာ (+) ရောက်၍ RED CIRCLE (စက်ဝိုင်း)သင်္ကေတ ပေါ် လာလျှင် ENTER ခလုတ်တစ်ချက် နှိပ်ပြီး 3 Delete နှိပ်၍ဖျက်နိုင်သည်။ MARK နှင့် WPT ပေါ်တွင် RED CIRCLE (အနီရောက်စက်ဝိုင်းသေး) ပေါ်နေချိန်တွင် ENTER ခလုတ်တချက်နှိပ်ပြီးအောက်ပါအတိုင်းအသုံးပြုနိုင်သည်။
  - ⟶ 1 Goto - ၎င်းအမှတ်သို့ သင်္ဘောမှလမ်းကြောင်းဆွဲခြင်းပြုလုပ်နိုင်သည်။
  - ⟶ 2 Modify - ၎င်းအမှတ်ကိုလိုသလို ပြင်ဆင်ခြင်း / အသေးစိပ်ကြည့်ရှုခြင်းပြုနိုင်သည်။
  - ⟶ 3 Delete - ၎င်းအမှတ်ကို ဖျက်ခြင်းပြုနိုင်သည်။
  - ⟶ 4 Quit - 1,2,3 function များလုပ်ဆောင်ခြင်း မပြုဘဲ ပြန်လည်ထွက်ခြင်း များပြုလုပ်နိုင်သည်။

**ADJ 9**

- ရေပုံချဲ့ကြည့်ရန် နံပါတ် (၉) နှင့် WXYZ စာသားများအသုံးပြုရန်
- Fish Finder Screen (ရေအောက်မျက်နှာပြင်မြင်ကွင်း) တွင် ၎င်းခလုတ်အားတစ်ချက်နှိပ်၍ ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုပြီး Depth Scale (ရေအနက်စကေး) များပြောင်းလဲ နိုင်သည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

- Depth Scale နှင့် Gain အား Auto (အလိုအလျောက်) ပြောင်းလဲ လိုပါက နံပါတ်(၃) ခလုတ် ကို တစ်ချက်နှိပ်ပါ။ ရေအနက် စကေးနှင့် ရေအောက်ပုံရိပ်များအလိုအလျောက် ချိန်ညှိ ပေးပါလိမ့်မည်။

**GAIN 6**

- ရေပုံချဲ့ကြည့်ရန် ၊ နံပါတ် (၆) နှင့် MNO စာသားများအသုံးပြုရန်။
- Fish Finder Screen (ရေအောက်မျက်နှာပြင်မြင်ကွင်း) တွင် ၄င်းခလုတ်အားတစ်ခုနှိပ်၍ Sonar Sensitivity (ရေအောက်ပုံရိပ်) များကို ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုလိုသလိုချိန်ညှိနိုင်သည်။ ရေအောက်ပုံရိပ်များမရှင်းလင်း/ ထူထပ်နေပါက ၄င်းခလုတ်ကိုနှိပ်၍ ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုပြီး အလျှော့ / အတင်းလိုသလို ချိန်ညှိနိုင်သည်။

**TURN DEEP 5**

- Rotate the chart (ရေပုံလှည့်ရန်) နံပါတ် (၅) နှင့် JKL စာသားများအသုံးပြုရန်။
- ၄င်းခလုတ်ကိုနှိပ်ရန်ရေပုံအား အရှေ့ ၊နောက် ၊တောင် ၊မြောက် လှည့်ကြည့်နိုင်သည်။
- နံပါတ်များထည့်သွင်းရာတွင် နံပါတ် (၅) အဖြစ်နှင့်စာသားများရေးရာတွင် "JKL" စာများအသုံးပြုနိုင်သည်။

**TRACK 4**

- လမ်းကြောင်းဖွင့် ၊ပိတ်ပြုလုပ်ရန် ၊လမ်းကြောင်းအရောင်ပြောင်းရန် ၊နံပါတ် (၄) နှင့် GHI စာသားများအသုံးပြုရန်။
- ၄င်းခလုတ်အားတစ်ချက်နှိပ်ပါက လမ်းကြောင်းမှတ်တမ်းပွင့်၍ မိမိရေယာဥ်လမ်းကြောင်းကိုအလိုအလျောက်မှတ်ထားနိုင်ပါသည်။ ၄င်းခလုတ်အားနောက်တစ်ချက်ထပ်နှိပ်ပါကလမ်းကြောင်းမှတ်တမ်းပိတ်သွားပါမည်။
- ၄င်းခလုတ်အား(၃) စက္ကန့်ခန့် ဖိနှိပ်ထားပါက လမ်းကြောင်းအရောင်များရွေးချယ်နိုင်ပါသည်။

**ROUTE AUTO 3**

- ROUTE လမ်းကြောင်းဆွဲရန် Boundary Line ဆွဲရန် နံပါတ် (၃) နှင့် DEF စာသားများအသုံးပြုရန်။
- မိမိသွားလိုသောခရီးလမ်းကြောင်းအား ကာဆာ (+) အသုံးပြု၍ ROUTE လမ်းကြောင်းကြိုတင်ဆွဲရာတွင်အသုံးပြုနိုင်သည်။
- ကာဆာ (+) ကို မိမိစဆွဲလိုသော နေရာသို့ရွှေ့ ၍ ROUTE ခလုတ် ကို (၂) ချက်နှိပ်၍ စဆွဲပြီးကာဆာ (+) ထပ်ရွှေ့ ၍ လမ်းကြောင်းများဆက်ဆွဲသွားနိုင်ပါသည်။
- ထိုသို့လမ်းကြောင်းများဆက်ဆွဲသွားနိုင်ပါသည်။
- ထိုသို့လမ်းကြောင်းများဆွဲပြီးပါက ENTER ခလုတ် ကို တစ်ချက်နှိပ်၍ ROUTE လမ်းကြောင်းသွားနိုင်ပါသည်။

**WPT LIST 2**

- မိမိမှတ်သားထားသော WPT အမှတ်များအားလုံးကို ကြည့်နိုင်ခြင်း၊ ပြန်ပြင်နိုင်ခြင်း ၊GOTO လမ်းကြောင်းဆွဲနိုင်ခြင်း ၊ENTER ခလုတ်နှိပ်၍ဖျက်နိုင်ခြင်း များပြုလုပ်နိုင်သည်။

**WPT 1**

- WPT (ဖေးပွိုင့်) မှတ်သားခြင်း၊ WPT သင်္ကေတများအရောင်များပြင်ဆင်ခြင်း၊ နံပါတ် (၁) နှင့် ". , ? " သင်္ကေတများအသုံးပြုနိုင်ပါသည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **

ဖုန်း ၀၉ - ၄၅၀၈၂၉၀၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁